### မျှော်လင့်ထားရမည့် အရာများ

# ဝေဒနာသက်သက်မျှကိုသာ သက်သာ ပျောက်ကင်းစေသော ဓာတ်ရောင်ခြည်ကုထုံး

## ကုသမှုမတိုင်မီ

1 သင့်ရည်မှန်းချက်များအကြောင်း ဆွေးနွေးရန်အတွက် သင့်နာတာရှည် ဆေးရုံဆရာဝန်နှင့် တွေ့ဆုံရပါမည်။ ဆရာဝန်ကလည်း သင့်ရုပ်ပိုင်းဆိုင်ရာ သက်သောင့်သက်သာရှိမှု၊ စိတ်ပိုင်းဆိုင်ရာ၊ ဘာသာတရားပိုင်းဆိုင်ရာ၊ စိတ်ခံစားမှု ပိုင်းဆိုင်ရာ လိုအပ်ချက်များနှင့် စပ်လျဉ်းပြီး သင့်ဘက်က မျှော်လင့်ထားချက်များ အကြောင်းကို မေးမြန်းပါလိမ့်မည်။

2. သင်သည် ကင်ဆာရောဂါနှင့် ဓာတ်ရောင်ခြည်အထူးကုသမားတော် (ဓာတ်ရောင်ခြည်ကုထုံးဖြင့် ကုသပေးသည့် ဆရာဝန်) နှင့် လူကိုယ်တိုင်ဖြစ်စေ၊ ဗီဒီယိုခေါ်ဆိုမှုမှတစ်ဆင့်ဖြစ်စေ တွေ့ဆုံရပါမည်။ သင် ဓာတ်ရောင်ခြည်ကုထုံးခံယူဖူးသည့် မှတ်တမ်းများ၊ စကန်များနှင့် သင်ခံယူဖြစ်သည့် အခြားသော ကုသမှုများအပါအဝင် သင့်မှတ်တမ်းများကို ဆရာဝန်က ကြည့်ရှုစစ်ဆေးပါမည်။

3. ဓာတ်ရောင်ခြည်ကုသမှုအတွက် နောက်ထပ်စကန်ရိုက်ရခြင်းများ၊ ဓာတ်ခွဲခန်း စစ်ဆေးမှုများ သို့မဟုတ် ဆေးစစ်မှုများကို လုပ်ဆောင်ရန် မလိုအပ်ပါ။ ဓာတ်ရောင်ခြည်ကုသမှုခံယူခြင်းနှင့် စပ်လျဉ်း၍ သင့်တွင် ရှိလာနိုင်သည့် မေးခွန်းများကို သင်နှင့် သင့်မိသားစုက သင့်ဆရာဝန်ထံတွင် မေးကြည့်နိုင်ပါသည်။

4. ကုသမှု၏ဖြစ်နိုင်ခြေရှိသည့် အကျိုးကျေးဇူးများနှင့် ဆိုးကျိုးဖြစ်နိုင်ခြေများကို ဆရာဝန်က ရှင်းပြပေးပါလိမ့်မည်။ ဓာတ်ရောင်ခြည်ပေးခြင်းသည် သင့်အတွက် သင့်တော်မည်ဆိုပါက အသိပေးသဘောတူခွင့်ပြုချက်ဖောင်ကို သင့်အား လက်မှတ်ရေးထိုးခိုင်းပါလိမ့်မည်။

5. ဓာတ်ရောင်ခြည်ကုသမှုမခံယူမီတွင် နာကျင်မှုဝေဒနာ၊ စိုးရိမ်ပူပန်စိတ် သို့မဟုတ် မအီမသာဖြစ်ခြင်းကို ကုသရန် သို့မဟုတ် ကာကွယ်ရန်အတွက် သင့်နာတာရှည် ဆေးရုံဆရာဝန်က ဆေးပေးကောင်းပေးနိုင်ပါသည်။

## နေ့ချင်းပြီး ပုံဖော်ခြင်းနှင့် ကုသခြင်း

1. သင်သည် ဓာတ်ရောင်ခြည်နှင့် ကင်ဆာကုသမှုရုံးခန်းကို သင့်မိသားစု သို့မဟုတ် မိတ်ဆွေများနှင့်အတူသွားရောက်ရပါမည်။ လိုအပ်ပါက ဆေးအဖွဲ့၏သယ်ယူပို့ဆောင်မှုကို အသုံးပြုနိုင်ပါသည်။

2. ရုံးခန်းသို့ရောက်ပါက စာရင်းသွင်းရမည်ဖြစ်ပြီး သွားရမည့် နေရာသို့ လမ်းညွှန်ပေးခြင်းခံရပါမည်။ သင်သည် ဓာတ်ရောင်ခြည်နှင့် ကင်ဆာကုသမှုရုံးခန်းတွင် အနည်းဆုံး 4 နာရီမှ 6 နာရီအထိရှိနေရန် စီစဉ်ထားသင့်ပါသည်။

3. သင်သည် "ပုံဖော်ခြင်း" ဟု အဓိပ္ပာယ်ရသည့် စီမြူလေးရှင်း (သို့မဟုတ် အတိုကောက်အားဖြင့် "စင်း") ဟု ခေါ်တွင်သည့် အစီအစဉ်ရေးဆွဲသည့် လုပ်ငန်းစဉ်တွင် ဦးစွာ ပါဝင်ရပါမည်။ အစီအစဉ်ရေးဆွဲသည့် လုပ်ငန်းစဉ်သည် တစ်နာရီခန့်ကြာမြင့်ပါမည်။ အဖွဲ့သည် ဓာတ်ရောင်ခြည်ကို အကျိတ်ပေါ်သို့ တည့်တည့်ကျအောင် ချိန်ရွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် သင့်အရေပြားပေါ်တွင် အမှတ်အသားများရေးဆွဲပါမည် နှင့်/သို့မဟုတ် စတစ်ကာများကပ်ပါမည်။ ကုသမှုခံယူနေစဉ်အတောအတွင်းတွင် သင်အနေအထားတစ်မျိုးတည်းဖြင့် ရှိနေနိုင်အောင် ထောက်ကူပေးရန်အတွက် နောက်ထပ်အထိန်းများကိုလည်း အဖွဲ့က အသုံးပြုနိုင်ပါသည်။

4. ပုံဖော်ပြီးနောက်တွင် သင်နှင့်ကိုက်ညီမည့် ကုသမှု အစီအစဉ်ကို အဖွဲ့က ရေးဆွဲနေချိန်တွင် သင်က စောင့်ဆိုင်းသည့် နေရာသို့ ပြန်သွားစောင့်ရပါမည်။ တစ်နာရီနှစ်နာရီလောက်တော့ ကြာမြင့်နိုင်ပါသည်။

5. သင့်ကုသမှုအစီအစဉ်ကို ပုံဖော်သည့် ရက်နှင့် တစ်ရက်တည်း ပြုလုပ်မည်ဆိုပါက သင်သည် ဓာတ်ရောင်ခြည်ကုသမှုကို အစီအစဉ်ပြီးဆုံးသည်အထိ ဆက်လက်ခံယူရပါမည်။ ကုသမှုကို နောက်တစ်ရက်မှသာ လုပ်ဆောင်လိုပါက သင့်အစီအစဉ်အား အသင့်ပြင်ဆင်ပြီးချိန်တွင် သင့်အား ရုံးခန်းသို့ပြန်လာရန် ခေါ်ဆိုပေးပါလိမ့်မည်။

6. ကုသမှုသည် 15 မိနစ်မှ 30 မိနစ်အထိကြာမြင့်ပါမည်။ ဓာတ်ရောင်ခြည်ပေးချိန်မှာ မြန်ဆန်ပြီး နာကျင်မှုရှိမည်မဟုတ်ပါ။

7. ကုသမှုခံယူပြီးနောက်တွင် ဆက်လက်လုပ်ဆောင်မည့် အဆင့်များနှင့် မျှော်မှန်းထားရမည့် အခြေအနေများကို ကင်ဆာရောဂါနှင့် ဓာတ်ရောင်ခြည်အထူးကုသမားတော်က သင့်အား ပြောပြပေးပါလိမ့်မည်။ ခြုံငုံသုံးသပ်ချက်ကို သင့်အား ပေးပြီးနောက်တွင် အိမ်သို့ဖြစ်စေ၊ နာတာရှည်ဆေးရုံသို့ဖြစ်စေ ပြန်သွားနိုင်ပါမည်။

## ကုသမှုပြီးနောက်

ဓာတ်ရောင်ခြည်သည် အကျိတ်ဝန်းကျင်ရှိ ကျန်းမာသော တစ်ရှူးများကိုပါ ထိခိုက်စေနိုင်သည့်အပြင် ဘေးထွက်ဆိုးကျိုးများသည်လည်း သင်ကုသမှုခံယူပြီး ရက်အနည်းငယ်ကြာမြင့်သည့်တိုင်အောင် ပေါ်လာတတ်ပါသည်။ နာတာရှည်ဆေးရုံဆရာဝန် သို့မဟုတ် သူနာပြုက သင့်တွင် ဘေးထွက်ဆိုးကျိုးများဖြစ်ပေါ်ခြင်းရှိမရှိကို စောင့်ကြည့်စစ်ဆေးပေးပါလိမ့်မည်။

**ဓာတ်ရောင်ခြည်ခံယူပြီးနောက်ပိုင်း ခံစားရသည့် လက္ခဏာအချို့ကို ဤတွင် ဖော်ပြထားပါသည်-**

- ပင်ပန်းနွမ်းနယ်ခြင်း
- အရေပြားအထိမခံနိုင်လောက်အောင် ဖြစ်ခြင်း (ဖြစ်ခဲသည်)
- မအီမသာဖြစ်ခြင်း (ဝမ်းဗိုက်အပေါ်ပိုင်းကို ဓာတ်ရောင်ခြည်ပေးရပါက)

**ဓာတ်ရောင်ခြည်ကုသမှုခံယူပြီးနောက် သင့်ကိုယ်သင်ဂရုစိုက်ပေးနိုင်သည့် အချက်အချို့ကို ဤတွင် ဖော်ပြပေးထားပါသည်-**

- အနားယူခြင်း
- အကူအညီရယူရန်အတွက် သင့်မိသားစုများ၊ မိတ်ဆွေများနှင့် ဆွေးနွေးခြင်း
- သင့်ကိုပျော်ရွှင်အောင် ထောက်ကူပေးနိုင်မည့် ဝါသနာများ သို့မဟုတ် လှုပ်ရှားမှုများအပေါ်တွင်သာ အာရုံစိုက်ထားခြင်း
- သင့်ဆရာဝန်က လက်ခံသည့် မည်သည့်လိုးရှင်းကိုမဆို အသုံးပြုခြင်း
- ဘေးထွက်ဆိုးကျိုးများဆိုးသည်ထက်ဆိုးလာပါက သင့်နာတာရှည်ဆေးရုံဆရာဝန်နှင့် ဆက်သွယ်ခြင်း

MOQC
MICHIGAN ONCOLOGY QUALITY CONSORTIUM

Blue Cross Blue Shield of Michigan

Nonprofit corporations and independent licensees of the Blue Cross and Blue Shield Association